## (၂၇-၁၁-၂၀၂၀)မှ (၃-၁၂-၂၀၂၀)အထိ

## သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ websiteတွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင် (၂-၁၁-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၀၂.၄၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၂-၁၂-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၈.၃၅) ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 2-Dec-20 | 14.02 cts/lb | 14.22 cts/lb | 398.35 $/T | 18.07 cts/lb |
| 1-Dec-20 | 13.99 cts/lb | 14.21 cts/lb | 396.30 $/T | 17.98 cts/lb |
| 30-Nov-20 | 13.88 cts/lb | 14.21 cts/lb | 395.40 $/T | 17.94 cts/lb |
| 27-Nov-20 | 14.11 cts/lb | 14.23 cts/lb | 401.25 $/T | 18.20 cts/lb |
| 26-Nov-20 | 14.08 cts/lb | 14.24 cts/lb | 401.10 $/T | 18.19 cts/lb |
| 25-Nov-20 | 14.04 cts/lb | 14.21 cts/lb | 398.00 $/T | 18.05 cts/lb |
| 24-Nov-20 | 14.22 cts/lb | 14.19 cts/lb | 404.65 $/T | 18.35 cts/lb |
| 23-Nov-20 | 14.33 cts/lb | 14.17 cts/lb | 407.00 $/T | 18.46 cts/lb |
| 20-Nov-20 | 14.34 cts/lb | 14.13 cts/lb | 408.30 $/T | 18.52 cts/lb |
| 19-Nov-20 | 14.46 cts/lb | 14.11 cts/lb | 409.70 $/T | 18.58 cts/lb |
| 18-Nov-20 | 14.59 cts/lb | 14.05 cts/lb | 411.95 $/T | 18.69 cts/lb |
| 17-Nov-20 | 14.44 cts/lb | 13.98 cts/lb | 409.00 $/T | 18.55 cts/lb |
| 16-Nov-20 | 14.52 cts/lb | 13.95 cts/lb | 413.70 $/T | 18.77 cts/lb |
| 13-Nov-20 | 14.14 cts/lb | 13.91 cts/lb | 409.80 $/T | 18.59 cts/lb |
| 12-Nov-20 | 14.17 cts/lb | 13.91 cts/lb | 406.85 $/T | 18.45 cts/lb |
| 11-Nov-20 | 13.85 cts/lb | 13.90 cts/lb | 397.85 $/T | 18.05 cts/lb |
| 10-Nov-20 | 14.04 cts/lb | 13.92 cts/lb | 400.35 $/T | 18.16 cts/lb |
| 9-Nov-20 | 14.15 cts/lb | 13.91 cts/lb | 401.70 $/T | 18.22 cts/lb |
| 6-Nov-20 | 14.16 cts/lb | 13.90 cts/lb | 401.85 $/T | 18.23 cts/lb |
| 5-Nov-20 | 13.71 cts/lb | 13.89 cts/lb | 391.95 $/T | 17.78 cts/lb |
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ လဆန်းပိုင်းတွင် တရုတ်နိုင်ငံမှာ ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၂၄) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန် နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၂၉၀) ဒေါ်လာ၊ ပါကစ္စတန် နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၀၂-၅၅၀) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၄၆-၅၀၄) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယ၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံတွင် သကြားဈေးနှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ လဆန်းပိုင်းတွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ် တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၃) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၂၄) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန်ဒေါ်လာ (၄၈၁) ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင်သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၇၄) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၀၂) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါ သည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ် နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ လဆန်းပိုင်းအတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၇၄ ရာခိုင်နှုန်းဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**